# ဓမ္မခန္ဓာ (၁၅)ကျောက်တောင်ချိုင့်ဝှမ်း (အလ် ဟဂျ်ရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၅၄၊ သုတ်ဒေသနာ ၉၉ ပါး။

ဦးဋ္ဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ ✡ ၁၀း၁ | الَر تِلْكَ آيَاتُ الْكِتَابِ وَقُرْآنٍ مُّبِينٍ۞<br>အလက်ဖ်၊လမ်၊ရာ၊✡ ဤသည် ကျမ်းတော်၏ သုတ္တန်များနှင့် ရှင်းလင်းထင်ရှားသော ကုရ်အံကျမ်းတော်ပင် ဖြစ်၏။ |
| ၂။ သန္တိသုခ ဝါဒီ | رُّبَمَا يَوَدُّ الَّذِينَ كَفَرُواْ لَوْ كَانُواْ مُسْلِمِينَ۞<br>မကြာခဏပင်၊ ဖုံးကွယ်သူများက သူတို့သည် **မူဆလင်**များ ဖြစ်လိုကြ၏။[၅၈၃] |
| ၃။ | ذَرْهُمْ يَأْكُلُواْ وَيَتَمَتَّعُواْ وَيُلْهِهِمُ الأَمَلُ فَسَوْفَ يَعْلَمُونَ۞<br>သူတို့အား စားသောက်၊ မြူးထူးခြင်း အတွေးအခေါ်မဲ့ မျှော်လင့်ချက်ထဲ၌ ပစ်ထားလော့၊ သူတို့ သိလာကြရလတ္တံ့။ |
| ၄။ | وَمَا أَهْلَكْنَا مِن قَرْيَةٍ إِلاَّ وَلَهَا كِتَابٌ مَّعْلُومٌ۞<br>သတ်မှတ် ပြဋ္ဌာန်းထားမှု မရှိဘဲ မည်သည့် မြို့ရွာကိုမှ၊ ငါသည် တိမ်ကောစေခြင်း မရှိချေ။ |
| ၅။ | مَّا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ۞<br>သတ်မှတ်ပြဋ္ဌာန်းချိန်အား လွန်ဆန်နိုင်သော၊ နောက်ဆုတ်နိုင်သော အသိုင်းအဝိုင်းဟူ၍ မရှိချေ။ |
| ၆။ | وَقَالُواْ يَا أَيُّهَا الَّذِي نُزِّلَ عَلَيْهِ الذِّكْرُ إِنَّكَ لَمَجْنُونٌ۞<br>သူတို့ ဆိုကြသည်မှာ။ “အို– သတိပေးတရားကို ချမှတ်ပေးခံရသူ၊ အသင်သည် ရူးနေသူသာ ဖြစ်၏။– |
| ၇။ ✡ ၂း၃၀ | لَّوْ مَا تَأْتِينَا بِالْمَلائِكَةِ إِن كُنتَ مِنَ الصَّادِقِينَ۞<br>–သင်သည် ဖြောင့်မှန်သူ ဖြစ်လျှင် အဘယ်ကြောင့် နိမိတ်ဆောင်များရံလျှက်✡ မလာရောက်ခဲ့သနည်း၊”ဟု ဖြစ်၏။ |
| ၈။ | مَا نُنَزِّلُ الْمَلائِكَةَ إِلاَّ بِالحَقِّ وَمَا كَانُواْ إِذًا مُّنظَرِينَ۞<br>ငါသည် နိမိတ်ဆောင်များကို တိကျသော ကိစ္စအတွက်သာ စေစားတော်မူ၏။ ထိုအခါ စောင့်ကြည့်နေနိုင်တော့မည် မဟုတ်ချေ။[၅၈၄] |

---

**(၅၈၃)** ဤသုတ်တော်သည် နောင်ဘဝတွင် ဖြစ်ပေါ်မည့် ဆန္ဒကိုသာ ကိုယ်စားပြုသည် မဟုတ်ပေ။ အစ္စလာမ်သာသနာ၏ ယုတ္တိဗေဒ ကိုက်ညီမှုနှင့် အင်အားတောင့်တင်းလာမှုကို မြင်တွေ့သော အတိုက်အခံများ၏ ဖြစ်ပေါ်လေ့ရှိသော ဆန္ဒကို ဖေါ်ပြခြင်း ဖြစ်ပေသည်။

**(၅၈၄)** ဤသုတ်တော်က၊ ဘုရားရှင်သည် နိမိတ်ဆောင်များအား စေစားရသည့်အကြောင်းရင်းကို တိကျစွာ ရှင်းလင်းသည်။ နိမိတ်ဆောင်များ ဆိုသည်မှာ လူသားစင်စစ်များသာ ဖြစ်ကြောင်း (၂း၃၀) တွင် ရှင်းခဲ့ပြီ။ သူတို့သည် ပညာရပ် တစ်ခုစီ၌ ကျွမ်းကျင် လိမ္မာသူများ ဖြစ်ကြသည်။ သူတို့ ကျွမ်းကျင်လိမ္မာသော ပညာရပ်ဖြင့် တွက်ချက်၍ သိနိုင်သောအရာများမှ လူသားတို့အတွက် ဘေးအန္တရာယ် ကျရောက်နိုင်သော အရာများကို ကြိုတင်ဟောပေးလေ့ရှိပေသည်။ ကျမ်းတော်တွင် နိမိတ်ဆောင်များသည် အာဒ်လူမျိုး၊ သမု–ဒ်လူမျိုး လု–တ်၏ လူမျိုးများထံသို့ မြေလျှောင်လှုပ်မည့်

| | |
|---|---|
| ၉။<br>ကုရ်အံ | **إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحَافِظُونَ۝**<br>ကေန်ပင် ငါသည် **သတိပေးချက်**ကို ချမှတ်ပေး၍။ ငါသည်သာ ၎င်းအား စောင့်ရှောက်သော အရှင် ဖြစ်၏။[၅၅] |
| ၁၀။<br>လူအုပ်စု | **وَلَقَدْ أَرْسَلْنَا مِن قَبْلِكَ فِي شِيَعِ الأَوَّلِينَ۝**<br>သင့်မတိုင်မီ ရှေးကျသော **အမျိုးသားများ** ထဲ၌လည်း မုချ စေစားခဲ့ပြီ။ |
| ၁၁။ | **وَمَا يَأْتِيهِم مِّن رَّسُولٍ إِلاَّ كَانُواْ بِهِ يَسْتَهْزِؤُونَ۝**<br>ဉာဏ်စဉ်ဆောင်တစ်ပါး သူတို့ထံ  ရောက်လာသော်၊ သူ့အား လှောင်ပြောင်ကြသည်သာ ဖြစ်၏။ |
| ၁၂။ | **كَذَلِكَ نَسْلُكُهُ فِي قُلُوبِ الْمُجْرِمِينَ۝**<br>ရာဇဝတ်ကောင်များ၏ စိတ်နှလုံးကို ယင်းသို့ ဝင်စားစေတော်မူပြီ။ |
| ၁၃။ | **لاَ يُؤْمِنُونَ بِهِ وَقَدْ خَلَتْ سُنَّةُ الأَوَّلِينَ۝**<br>ကုန်လွန်ခဲ့သော ရှေးလူဟောင်းတို့၏ ဓလေ့ထုံးတမ်းများ ကဲ့သို့၊ သူ့အား ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၄။<br>ကောင်းကင် | **وَلَوْ فَتَحْنَا عَلَيْهِم بَابًا مِّنَ السَّمَاء فَظَلُّواْ فِيهِ يَعْرُجُونَ۝**<br>ငါသည် သူတို့အပေါ်၌၊ သူတို့ ဖြတ်၍ တက်သွားနိုင်ရန် **အာကာသ** တံခါးပေါက်ကို ဖွင့်ပေးတော်မူသော်လည်း၊– |
| ၁၅။ | **لَقَالُواْ إِنَّمَا سُكِّرَتْ أَبْصَارُنَا بَلْ نَحْنُ قَوْمٌ مَّسْحُورُونَ۝**<br>"ကျွန်ုပ်တို့သည် အမြင်မှောက်မှား နေခြင်းသာ၊ အမှန်မှာ ကျွန်ုပ်တို့သည် ပြုစားခံရသော လူမျိုးသာ ဖြစ်၏၊"ဟု ဆိုကြလတ္တံ့။[၅၆] |
| ၁၆။ | **وَلَقَدْ جَعَلْنَا فِي السَّمَاء بُرُوجًا وَزَيَّنَّاهَا لِلنَّاظِرِينَ۝**<br>မုချပင် ငါသည် ကောင်းကင်ယံ၌ နဂါးငွေ့တန်းများကို စီရင်ထား၍၊ ရှုမြင်စွမ်းရှိသူတို့အဘို့ တင့်တယ်စေ၏။[၅၇] |

---

အကြောင်း၊ မီးတောင်ပေါက်ကွဲမည့်အကြောင်း စသောအရာများကို ကြိုတင်၍ လာပြောကြောင်း မကြာခဏ ဖေါ်ပြပေသည်။ သူတို့၏ ပြောစကားကို မယုံကြည်သူတို့သည် ထိုကျရောက်လာသည့် ကပ်ဘေးထဲ၌ ပါသွားရသည်သာ ဖြစ်ပေသည်။ ဤသုတ်တော်တွင်လည်း အကယ်၍ နိမိတ်ဆောင်များသာ ရောက်လာလျှင် သူတို့အတွက် အဖြေမှန်၊ မမှန် စောင့်ကြည့်နေရန် အချိန် မရှိတော့ ဟု ရှင်းလင်းစွာ ပြောထားပေသည်။

**(၅၅)** ဤသုတ်တော်သည် အံ့သြဖွယ် အကောင်းဆုံး ဟောကိန်းများမှ တစ်ခုဖြစ်၏။ ဤသုတ်တော်မှ သတိပေးချက်ဆိုသည်မှာ လူသားအပေါင်းအား ကောင်း၊ ဆိုးကို သတိပေး ရှင်းပြသော ကျမ်းမြတ်ကုရ်အံတော်ကို ကိုယ်စားပြု၍။ ကမ္ဘာပေါ်တွင် ရှိလေသမျှသော စာအုပ်များအနက် လုံး၀ တည်းဖြတ် ပြုပြင်ရန်မလို၊ တည်းဖြတ်ပြင်ဆင်ခြင်း မရှိသော မူရင်းအတိုင်း တစ်လုံးတစ်ပါဒ မလွဲ ပကတိအတိုင်း တည်ရှိနေသော စာအုပ် ဆို၍ ကျမ်းမြတ် ကုရ်အံတစ်အုပ်တည်းသာလျှင် ရှိပေသည်။ ထိုသို့ နှစ်ပေါင်း ၁၅၀၀ ကျော်လာသည့်တိုင် မူရင်းစစ်စစ် တည်ရှိနေခြင်းသည်ပင် ထိုစာအုပ်အား ပရမတ်ဘုရားရှင် ကိုယ်တော်တိုင် စောင့်ရှောက်ထားသည် ဆိုခြင်းမှာ လုံး၀လုံလောက်သော သက်သေတစ်ရပ်ပင် ဖြစ်တော့သည်။

**(၅၆)** သုတ်တော် (၁၄–၁၅) သည် ၁၄း၄၈ ပါ၊ လူသားမျိုးနွယ်များစွာ ကမ္ဘာသစ် ပြောင်းသွားရမည်ကို ကြိုတင်၍ ရှင်းပြခြင်း ဖြစ်ပေသည်။ လူသားတို့သည် ရှေးနှစ်ပေါင်းများစွာ ယာဉ်ရထားများ မပေါ်မီ ခေတ်ကာလက တိုင်းပြည်တစ်ခုမှ တစ်ခုသို့ သွားရန်မှာ နှစ်၊ လ အချိန်ပေး လမ်းလျှောက်ခဲ့ရ သော်လည်း ယခုခေတ်တွင် လေယာဉ်များ ကား၊ ရထားများဖြင့် သွားလာသောအခါ အလွန်ဝေးကွာခဲ့သော နေရာများသည် အချိန်တိုအတွင်း ရောက်နိုင်ခဲ့ပေပြီ။ အလားတူပင် နောင်လည်မည့် ကာလတွင် ဂြိုလ်တစ်ခုမှ အခြားဂြိုလ်တစ်ခုသို့ သွားရန် နာရီပိုင်း ရက်ပိုင်းသာ အချိန်ပေးရပေတော့မည်။ ထိုအတွက် ကျမ်းတော်က အာကာသ ကောင်းကင်၌ တံခါးပေါက်ကို ဖွင့်ပေးတော် မူမည်ဟု ဆိုထားပေသည်။ သို့သော် ရှေးဟောင်းဒဏ္ဍာရီများကိုသာ ခင်မင်ဖက်တွယ်နေသော သူများက ထိုအဖြစ်အပျက်ကို ယုံကြည်လက်ခံနိုင်မည် မဟုတ်ချေ။ သူတို့ကိုယ် သူတို့ စုံးပရောဂပြုစားခံရ၍ အမြင်များ မှောက်မှားနေလိမ့်မည်ဟု သုတ်တော် ၁၅ က ဆိုထားပေသည်။

**(၅၇)** ဤသုတ်တော်ပါ နဂါးငွေ့တန်း **ဘိုရူးဂျ် بُرُوجًا** ဆိုသည်မှာ နေ၊ကြယ်၊ နက္ခတ်၊ ဂြိုလ်ပေါင်းများစွာ ပါဝင်သော အုပ်စုကို ဆို၍။ ထိုအရာများသည် ကျွန်ုပ်တို့လူသားတို့၏ ပိုင်ဆိုင်ရာ၊ အသုံးပြုစရာဟု မြင်တတ်သော သူများက စိတ်ပျော်ရွှင်ခြင်းကို ခံစားကြည်နူးနိုင်ကြောင်း ဖေါ်ပြထားပေသည်။

| | |
|---|---|
| ၁၇။ ✡ ၂း၁၄ | وَحَفِظْنَاهَا مِن كُلِّ شَيْطَانٍ رَّجِيمٍ۝<br>ငါသည် ၎င်းကို ကြည်ဖယ်ခံ မကောင်းဆိုးဝါးများမှ✡ ကာကွယ်စောင့်ရှောက်ထား၏။ |
| ၁၈။ | إِلاَّ مَنِ اسْتَرَقَ السَّمْعَ فَأَتْبَعَهُ شِهَابٌ مُّبِينٌ۝<br>ခိုး၍ နားစွင့်သူကိုသာ ရှင်းလင်းသော ပစ်ဒုံးသည် နောက်ယောင်ခံစေ၏။[၅၈၈] |
| ၁၉။ | وَالأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ شَيْءٍ مَّوْزُونٍ۝<br>မြေသားဂြိုလ်တစ်ခု၊ ၎င်းကို တိုးရွှေ့စေလျှက် မလှုပ်ရှားနိုင်ရာများဖြင့် အခိုင်တည်ထားပေး၏။[၅၈၉] ဟန်ချက်ညီသော အရာ ကိုယ်စီအား ထွန်းပေါ်ဖွံ့ထွားစေ၏။ |
| ၂၀။ | وَجَعَلْنَا لَكُمْ فِيهَا مَعَايِشَ وَمَن لَّسْتُمْ لَهُ بِرَازِقِينَ۝<br>သင်တို့အတွက် ထို၌ အသက်မွေးဝမ်းကျောင်းကို စီရင်ပေးတော်မူ၍၊ ၎င်းအတွက် သင်တို့သည် ရိက္ခာထောက်သူများ မဟုတ်ချေ။ |
| ၂၁။ | وَإِن مِّن شَيْءٍ إِلاَّ عِندَنَا خَزَائِنُهُ وَمَا نُنَزِّلُهُ إِلاَّ بِقَدَرٍ مَّعْلُومٍ۝<br>အရှင့်ထံတော်မှ ကင်းလွတ်နိုင်သော အရာဟူ၍ မရှိ၊ အရှင်၏ ဘဏ္ဍာများသာ ဖြစ်၏။ အရှင်သည် ၎င်းအတွက် စည်းချိန် စည်းကမ်းဖြင့်သာ ချမှတ်ပေးတော်မူ၏။ |
| ၂၂။ | وَأَرْسَلْنَا الرِّيَاحَ لَوَاقِحَ فَأَنزَلْنَا مِنَ السَّمَاء مَاء فَأَسْقَيْنَاكُمُوهُ وَمَا أَنتُمْ لَهُ بِخَازِنِينَ۝<br>ငါသည် မြေဆီသြဇာကောင်းသော လေကို စေစားတော်မူ၏။ ကောင်းကင်ယံမှ ရေကို သွန်းချပေးတော်မူ၍၊ သင်တို့ အတွက် သောက်သုံးရေ ဖြစ်စေ၏။ သင်တို့သည် ၎င်းကို သိုလှောင်ထားရသူများ မဟုတ်ချေ။ |
| ၂၃။ | وَإِنَّا لَنَحْنُ نُحْيِي وَنُمِيتُ وَنَحْنُ الْوَارِثُونَ۝<br>ကေန်ပင် ငါသည်သာ နိစ္စ၊ အနိစ္စကို ဖြစ်စေ၏။ ငါသည် အမွေပေးသော အရှင်ဖြစ်၏။ |
| ၂၄။ | وَلَقَدْ عَلِمْنَا الْمُسْتَقْدِمِينَ مِنكُمْ وَلَقَدْ عَلِمْنَا الْمُسْتَأْخِرِينَ۝<br>သင်တို့အနက် ခေတ်ရှေ့မှရောက်သူကို ငါသည် မုချ သိနေ၏။ ခေတ်နောက်ကျသူကိုလည်း ငါအရှင် သိနေတော်မူ၏။ |
| ၂၅။ | وَإِنَّ رَبَّكَ هُوَ يَحْشُرُهُمْ إِنَّهُ حَكِيمٌ عَلِيمٌ۝<br>ကေန်ပင် သင်၏ ကံကြမ္မာရှင်သည် သူတို့ကို စုရုံးစေတော်မူမည်။ အရှင်သည် ဓမ္မသတ်ရှင်၊ သိနေသော အရှင်ဖြစ်၏။ |

---

**(၅၈၈)** မကောင်းဆိုးဝါး ဆိုသည်မှာ လူသားများဖြစ်၍၊ ကောင်းမှုပြုလုပ်သူများကို အတိုက်အခံပြုသောသူများ ဖြစ်ကြောင်း ၂း၁၄ တွင် ရှင်းပြပြီး ဖြစ်သည်။ လူသားတို့အကျိုးငှာ ကောင်းမှုပြုသူများအား တိုက်ခိုက် ဖျက်ဆီးလာသော လူသားများ၊ သူတို့၏ အဖျက်လက်နက်များကို တန်ပြန် ချေမှုန်းပစ်၍ လူသားတို့အတွက် အိုးသစ်၊ အိမ်သစ်၊ ကမ္ဘာသစ်တည်ဆောက်ခြင်းကို အကောင်အထည်ဖေါ် အောင်မြင်စေရမည်ဟု ကျမ်းတော်ပါ ဤသုတ်တော်က ကတိပေးထားပေသည်။ လူသားများ နေထိုင်နိုင်ရန် ကမ္ဘာတစ်ခု ဖြစ်တည်လာမှု၏ အခြေခံ လိုအပ်ချက်များကို သုတ်တော် ၁၉ မှ ၂၃ အထိတွင် လက်ရှိနေထိုင်သော ကမ္ဘာဂြိုလ်အား နမူနာပြု၍ သွန်သင်ထားပေသည်။
**(၅၈၉)** မြေသားဂြိုလ်တစ်ခုအား မလှုပ်ရှားနိုင်ရာများနှင့် အခိုင်အမာ တည်ထားပေးသည် ဆိုခြင်းမှာ မြေကမ္ဘာတစ်ခုသည် ရွေ့လျားလည် ပတ်မှုမရှိဘဲ တည်ငြိမ်ရပ်တန့်နေသည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ မြေသားကမ္ဘာသည် အချိန်မရွေး ပြတ်ရွေ့နိုင်ကြောင်းနှင့် ကမ္ဘာ့တိုက်ကြီးများသည် စီးမျော ရွေ့လျားနေကြောင်း (Continental Floating Theory) ကို ပထဝီပညာရှင်တိုင်း သိပြီးဖြစ်သည်။ ထိုပြတ်ရွေ့မှုအားလည်းကောင်း၊ တိုက်များစီး မျောခြင်းများကို ကမ္ဘာမြေ၏ ကျောက်လွှာကြီးများနှင့် တောင်တန်းကြီးများက အခိုင်အမာ သပ်ရိုတ်လျှက် ခိုင်ခံ့အောင်ပြုလုပ်ထားကြောင်းကို ဤ သုတ်တော်က ပြောထားခြင်း ဖြစ်ပေသည်။ ဖြန့်ကားရန်တိုးရွှေ့နေသော ကမ္ဘာမြေနှင့်၊ တောင်များကို ခိုင်မာစွာ အမြစ်ကုတ် ဝေါထွက်စေ၏။ ဟု ၇၈း၆၊၇ တွင် ဖေါ်ပြထားပေသည်။ ထိုအဆိုကို အိန္ဒိယ တိုက်ငယ်သည် မြောက်ဘက်သို့ တိုးရွှေ့နေလျှက် ဟိမဝန္တာတောင်ကြီးအား တိုးဆောင့်လျှက် ရှိနေသောကြောင့် ထိုတောင်ကြီးသည် နှစ်စဉ် ၃ လက်မခန့်မြင့်တက်နေရသည် ဆိုသော တွေ့ရှိချက်အား မတွေ့မှီအထိ ပထဝီပညာရှင်များ နားမ လည်ခဲ့ချေ။ ယခုအခါ ကျမ်းတော်၏ မှန်ကန်မှုကို ပညာတတ်များ ငြင်းပယ်နိုင်ခြင်း မရှိတော့ပေ။

| | |
|---|---|
| ၂၆။ | وَلَقَدْ خَلَقْنَا الإِنسَانَ مِن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ ۞<br>ငါသည် လူသားအား အိုးခတ်ရွှံ့ သက်စေ့မြေမှ ဖြစ်တည်စေတော်မူ၏။[၃၉၀] |
| ၂၇။<br>✡၆း၁၀၀<br>☆၂း၂၄ | وَالْجَآنَّ خَلَقْنَاهُ مِن قَبْلُ مِن نَّارِ السَّمُومِ ۞<br>ငါသည် ပုတုဇဥ်ကို✡ အပူရှိန်ပြင်းသော မီးမှ☆ ဖြစ်တည်စေတော်မူ၏။ |
| ၂၈။ | وَإِذْ قَالَ رَبُّكَ لِلْمَلاَئِكَةِ إِنِّي خَالِقٌ بَشَرًا مِّن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ ۞<br>ငါက နိမိတ်ဆောင်တို့အား မိန့်သည်မှာ "ငါသည် လူသားကို အိုးခတ်ရွှံ့ သက်စေ့မြေမှ ဖြစ်တည်စေခဲ့၏။– |
| ၂၉။<br>✡၂း၈၇ | فَإِذَا سَوَّيْتُهُ وَنَفَخْتُ فِيهِ مِن رُّوحِي فَقَعُواْ لَهُ سَاجِدِينَ ۞<br>သူ့အား စုံလင်စေ၍။ ထို့နောက် သူ့ထံ၌ ငါ၏ ဉာဏ်စဉ်တော်ကို✡ သက်ဝင်စေ၏။ သူ့အား ထိုင်လျှက် ဦးချလော့။" |
| ၃၀။<br>✡၂း၃၄ | فَسَجَدَ الْمَلآئِكَةُ كُلُّهُمْ أَجْمَعُونَ ۞<br>ထိုအခါ၊ နိမိတ်ဆောင် ကိုယ်စီ အားလုံးသည် ဦးချကြကုန်၏။✡ |
| ၃၁။<br>☆၂း၃၄ | إِلاَّ إِبْلِيسَ أَبَى أَن يَكُونَ مَعَ السَّاجِدِينَ ۞<br>ရှေးရိုးစွဲသည် မပါ။ သူသည် ဦးချသူများ၌ မပါဝင်လိုချေ။☆ |
| ၃၂။ | قَالَ يَا إِبْلِيسُ مَا لَكَ أَلاَّ تَكُونَ مَعَ السَّاجِدِينَ ۞<br>အရှင်က "အို– ရှေးရိုးစွဲသမား၊ သင်သည် အဘယ်ကြောင့် ဦးချသူများ၌ မပါဝင်လိုသနည်း၊"ဟု မေးသော်– |
| ၃၃။ | قَالَ لَمْ أَكُن لِّأَسْجُدَ لِبَشَرٍ خَلَقْتَهُ مِن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ ۞<br>"တပည့်တော်သည် အရှင်က အိုးခတ်ရွှံ့ သက်စေ့မြေမှ ဖြစ်တည်ပေးသော လူသားအား ဦးမချနိုင်ပါ၊"ဟု ပြန်ဖြေ၏။ |
| ၃၄။ | قَالَ فَاخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ ۞<br>အရှင်က "သို့ဖြစ်လျှင် သင်သည် ထွက်သွားလော့၊ သင်သည်ကား ကြည်ဖယ်ခံရသူ ဖြစ်၏။– |
| ၃၅။ | وَإِنَّ عَلَيْكَ اللَّعْنَةَ إِلَى يَوْمِ الدِّينِ ۞<br>စီရင်ချက်နေ့ထိတိုင်၊ သင့်အပေါ်၌ မေတ္တာကင်းဝေးစေသတည်း၊"ဟု မိန့်၏။ |
| ၃၆။<br>✡၇း၁၄ | قَالَ رَبِّ فَأَنظِرْنِي إِلَى يَوْمِ يُبْعَثُونَ ۞ |

(၃၉၀) ကျမ်းတော်တွင် လူသားကို **တိုရာဘ်** မြေစေးမှ၊ **တွီးန်** မြေမှုန့်မှ၊ **ဆွလ်ဆွာလ်** သက်စေ့မြေမှ ဖြစ်တည်ပေးသည်ဟု မကြာခဏ ပြောဆိုသည်။ **တိုရာဟ်** မြေစေးမှ ဆိုသည်ကို ၃း၃၉ အောက်ခြေတွင် ရှင်းခဲ့ပေပြီ။ **တွီးန်** မြေမှုန့်မှ ဆိုသည်မှာ လူသားသည် ကောင်းကင်မှ ကျလာခြင်း မဟုတ်ဘဲ မြေကမ္ဘာ၌ မွေးဘွား မျိုးဆက်ပြန့်ပွားခြင်း၊ မိမိကိုယ်မိမိ မြေကဲ့သို့ အေးဆေးတည်ငြိမ် နှိမ့်ချခြင်းကို ဆိုလိုပေသည်။ ဤသုတ်တော်တွင် ပြောသော **ဆွလ်ဆွာလ်** သက်စေ့မြေမှ ဆိုသည်မှာ မြေကမ္ဘာ တစ်ခု ဖြစ်တည်လာပြီးနောက် လူသားများ နေထိုင်မျိုးဆက်ပြန့်နိုင်ရန် တိုင်းတာသတ်မှတ် ထားသော သက်တမ်းပြည့်ပြီးသည့် မြေမှ ဟု ဆိုလိုပေသည်။ ကမ္ဘာတစ်ခု ဖြစ်တည်ပုံနှင့် သက်ရှိများ နေထိုင်နိုင်ရန် စီမံမှုများကို ရည်ညွှန်း ဖေါ်ပြသည့် အထက်မှ သုတ်တော်များကို ဖတ်ပြီးသူများ အတွက် (အိုးခတ်သမားသုံးသော ပုံသွင်းသည့်) အိုးခတ်ရွှံ့ သက်စေ့မြေမှ ဆိုသည်ကို သဘော ပေါက်ရန် မခဲယဉ်းတော့ပေ။ အိုးခတ်ရွှံ့ ဖြစ်စေရန်၊ ရေဓါတ်၊ မြေဓါတ်၊ လေဓါတ်၊ မီးဓါတ် အလုံးစုံပါဝင်ရပေသည်။ ထို့ကြောင့် နေအပူရှိန်နှင့် မြေကမ္ဘာတစ်ခု ရှိနေရုံမျှဖြင့် သက်ရှိလူသားများ မဖြစ်တည်နိုင်သေးချေ။ အရေးကြီးသော ရေ၊ လေ တို့သည်လည်း မရှိမဖြစ်လိုအပ်ပေသည်။ ထိုအရာများကို ရှိလာစေရန် နည်းလမ်းများ ရှာကြံခွင့်ကို လူသားအား အပြည့်အဝ ပေးထားပေသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆီးနိုင်လျှင် လူသားများ နေထိုင်မျိုးဆက်ပြန့်ပွားရန် မြေကမ္ဘာသစ်များ ရရှိလာမည်ပင်။ ဤသုတ်တော်မှ ပြောသော **အိုးခတ်သက်စေ့မြေ**ကို ရှေးဆရာတော်ကြီးများက အသံမြည်သော မြေဟု ပြန်ဆိုသောကြောင့် ပညာမဲ့ အတိုက်အခံများက မြေကြီးမှာ အသံမြည်သလောဟု မဆင်မခြင် ပုတ်ခတ်များလည်း ရှိနေသည်၊ ကမ္ဘာမြေသည် ညီးတွားခြင်း။ အသံမြည်ခြင်း ရှိသည်ဟု ဆိုခြင်းကို ယခုခေတ် ပညာတတ်လူငယ်တိုင်းက သိနားလည်နေပြီ ဖြစ်သည်။

| | |
|---|---|
| | သူက "အို ကံကြမ္မာရှင် တပည့်တော်အား နိုးကြွသည့် နေ့ထိ စောင့်စားပေးပါ။" လျှောက်တင်သော်–✡ |
| ၃၇။ | قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ۞<br>အရှင် မိန့်သည်မှာ "သင်သည် စောင့်စားခံရသူများမှ ဖြစ်၏။– |
| ၃၈။ | إِلَى يَومِ الْوَقْتِ الْمَعْلُومِ۞<br>သတ်မှတ်ပြဋ္ဌာန်းပြီး နေ့ရက် နာရီ အထိဖြစ်၏။" |
| ၃၉။ | قَالَ رَبِّ بِمَآ أَغْوَيْتَنِي لأُزَيِّنَنَّ لَهُمْ فِي الأَرْضِ وَلأُغْوِيَنَّهُمْ أَجْمَعِينَ۞<br>ထိုအခါ သူက "အို ကံကြမ္မာရှင်၊ တပည့်တော်အား အပြစ်သင့်ခံဖြစ်စေသဖြင့် ၎င်းတို့အား မြေကမ္ဘာ၌ စွဲမက်စရာ ဖြစ်စေလျှက် သူတို့အားလုံးကို အပြစ်သင့်ခံများမှ ဖြစ်စေမည်။–[၅၉၁] |
| ၄၀။ | إِلاَّ عِبَادَكَ مِنْهُمُ الْمُخْلَصِينَ ۞<br>–သူတို့အနက် အရှင့်အား အယူသန့်စွာ ကိုးကွယ်ဝတ်ပြုသူတို့ကား မပါဝင်ချေ၊"ဟု ဆိုသော်။ |
| ၄၁။ | قَالَ هَذَا صِرَاطٌ عَلَيَّ مُسْتَقِيمٌ۞<br>အရှင်က "ယင်းသည် ငါ့ထံ၌ ဖြောင့်မတ်မှန်ကန်သော လမ်းပင်ဖြစ်၏။– |
| ၄၂။ | إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ إِلاَّ مَنِ اتَّبَعَكَ مِنَ الْغَاوِينَ۞<br>–အပြစ်သင့်ခံရခြင်းသို့ လိုက်နာသူများမှအပ ငါ၏ အမှုတော်ဆောင်များ အပေါ်၌ သင်သည် သြဇာလုံးဝ မရှိချေ။" |
| ၄၃။<br>အပြစ်<br>သင့်ခံ | وَإِنَّ جَهَنَّمَ لَمَوْعِدُهُمْ أَجْمَعِينَ۞<br>–ငရဲပြည်သည် **သူ**တို့ အားလုံးတွက် ကတိထားရာ ဖြစ်၏။ |
| ၄၄။ | لَهَا سَبْعَةُ أَبْوَابٍ لِّكُلِّ بَابٍ مِّنْهُمْ جُزْءٌ مَّقْسُومٌ۞<br>၎င်းတွင် တံခါး ခုနစ်ပေါက်ရှိ၍၊ တံခါးကိုယ်စီ၌ သူတို့အတွက် တိကျသော အကျိုးခံစားမှုတို့ရှိ၏။[၅၉၂] |
| ၄၅။ | إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَعُيُونٍ۞<br>စည်းစောင့်သူတို့ အတွက် သုခဘုံ၌ စိမ့်စမ်းများ ရှိနေ၏။ |
| ၄၆။ | ادْخُلُوهَا بِسَلاَمٍ آمِنِينَ۞ |

---

**(၅၉၁) အာ့ဂ်ဝိုင်း** **أَغْوَيْتَنِي** သည် **ဂါဟ်ဝါ** "သူ အမှားပြုသည်" ဟူသော စကားမှ ဆင့်ပွားလာခြင်း ဖြစ်၍၊ ကျွန်ုပ်အား အမှားထဲ၌ ရှိစေသည် ဟု ဖြစ်ပေသည်။ ထိုကြောင့် သုတ်တော်ကို ဆရာတော်ကြီးများက "အရှင်က တပည့်တော်အား လမ်းမှား၌ ထားသဖြင့် ထိုလမ်းမှားကို တင့်တယ်မက်မော ဘွယ်အဖြစ် မွမ်းမံ၍ လူသားများကို ထိုလမ်းမှားသို့ သွေးဆောင်မည်။" ဟူ သော အဓိပ္ပါယ်မျိုးဖြင့် ပြန်ဆိုကြပေသည်။ ဤနေရာ၌ ရှင်းပြစရာ ရှိသည်မှာ ပရမတ်ဘုရားရှင်က သူ့အား အမှားထဲ၌ ထားခြင်း မဟုတ်ချေ။ သူသည် ပရမတ်ဘုရားရှင်က ချမှတ်သော မိန့်ညွှန်မှုအား နာခံခြင်း မရှိသော မိမိကိုယ်မိမိ မှားသော အမှားလမ်းလွဲခြင်း၌ ရှိနေခြင်းသာ ဖြစ်ပေသည်၊ တနည်းအားဖြင့် သူ့ထက်မြင့်မြတ်သော လူသား သို့မဟုတ် ခေါင်းဆောင်၏ အမိန့်အား နာခံခိုင်းသည်ကို မနာခံသောကြောင့် ဖြစ်ရသော ပစ်ဒဏ်အား ခံရခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့်ဘာသာပြန်၌ ဤစကားလုံးကို "အပြစ်သင့်ခံ" ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

**(၅၉၂)** ကျမ်းတော်တွင် ငရဲပြည်ကို (၁)ဂျဟန်နမ် ငရဲ ။(၂)မီးတောက်မီးလျှံ၊ ၇၀း၁၅။ (၃)ကပ်ဒုက္ခ၊ ၁၀၄း၄။ (၄)**ဆီးရ်** လောင်ကျွမ်းသောမီး၊ (၅) **ဆကာ** ဒေါသမီးလျှံ၊ (၆)**ဂျဟင်းမ်** ကြောက်မက်ဘွယ်မီးလျှံ (၇) အဂီစိ၊ ၁၀၁း၉၊ ဟု အမည် ခုနစ်မျိုးဖြင့် ဖော်ပြပေသည်။ သို့သော် အာရ်ဗီစကား ခုနစ် ဟူသည်ကို ၂း၂၉၏ အောက်ခြေတွင် ရှင်းခဲ့ပြီ ဖြစ်၍၊ "များစွာသော" ဟူသည့် အနက်ကိုလည်း ပေးပေသည်။ ထို့ကြောင့် လူသားအပေါင်း၏ ဒုက္ခ ခံစားရသော အရာ အားလုံးကိုလည်း ခေါ်ပေသည်။ ငရဲဘုံသို့ (ဒုက္ခဘုံ) သို့ ရောက်စေသည့် နည်းလမ်း တံခါးပေါင်းများစွာ ရှိသည်ဟု ဆိုလိုခြင်းပင်။

| | |
|---|---|
| | ထို့၌ ငြိမ်းချမ်းမှု၊ လုံခြုံမှုကို ဝင်ရောက်စံစားရမည်ပင်။ |
| ၄၇။ | **وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ إِخْوَانًا عَلَى سُرُرٍ مُّتَقَابِلِينَ**۞<br>ငါသည် သူတို့၏ ရင်တွင်းမှ မလိုမုန်းထားစိတ်များကို နုတ်ပါယ်ပစ်လျှက် ထိုင်ခုံများပေါ်၌ ညီရင်းအစ်ကိုအဖြစ် နီးကပ်စွာဖြစ်စေအံ့။ |
| ၄၈။ | **لاَ يَمَسُّهُمْ فِيهَا نَصَبٌ وَمَا هُم مِّنْهَا بِمُخْرَجِينَ**۞<br>ထို၌ သူတို့အား ဒုက္ခဆင်းရဲ ထိသက်မည်မဟုတ်၊ ထိုမှ နှင်ထုတ်ခံရမည်လည်း မဟုတ်ချေ။ |
| ၄၉။ | **نَبِّىءْ عِبَادِي أَنِّي أَنَا الْغَفُورُ الرَّحِيمُ**۞<br>ငါ၏ အမှုတော်ဆောင်များအား ထုတ်ပြန်လော့– ငါသည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်၏။ |
| ၅၀။ | **وَ أَنَّ عَذَابِي هُوَ الْعَذَابُ الأَلِيمَ**۞<br>ငါ့ထံ၌ နာကျင်သော ဝဋ်ကြွေး၊ ဝဋ်ဒဏ်လည်း ရှိ၏။ |
| ၅၁။<br>✡၂း၁၂၄ | **وَنَبِّئْهُمْ عَن ضَيْفِ إِبْرَاهِيمَ**۞<br>အီဗရာဟီးမ်၏✡ ဧည့်သည်များအကြောင်းကို ထုတ်ပြန်လော့။ |
| ၅၂။ | **إِذْ دَخَلُواْ عَلَيْهِ فَقَالُواْ سَلامًا قَالَ إِنَّا مِنكُمْ وَجِلُونَ**۞<br>သူတို့သည် "ငြိမ်းချမ်းပါစေ၊"ဟု ဆိုလျှက် သူ့ထံသို့ ဝင်ရောက်သော်။ သူက "ကျွန်ုပ်သည် သင်တို့အား ထိတ်လန့်မိ၏၊"ဟု ဆိုသော်။ |
| ၅၃။ | **قَالُواْ لاَ تَوْجَلْ إِنَّا نُبَشِّرُكَ بِغُلامٍ عَلِيمٍ**۞<br>သူတို့က "မထိတ်လန့်နှင့်၊ ကျွန်ုပ်တို့မှာ သင့်ထံသို့ ပညာရှိ သားရတနာရမည့် သတင်းကေင်းပါးသူများ"ဟု ဆိုကြ၏။ |
| ၅၄။ | **قَالَ أَبَشَّرْتُمُونِي عَلَى أَن مَّسَّنِيَ الْكِبَرُ فَبِمَ تُبَشِّرُونَ**۞<br>သူက "ကျွန်ုပ်အား မည့်သို့ သတင်းကောင်းပါးနိုင်အံ့နည်း၊ ကျွန်ုပ်ကား ဇရာထောင်းခဲ့ပြီ။ သို့တိုင် သတင်းကောင်းပါးနေဦးမည်လော၊"ဟု ပြန်ပြောသောအခါ။ |
| ၅၅။ | **قَالُواْ بَشَّرْنَاكَ بِالْحَقِّ فَلاَ تَكُن مِّنَ الْقَانِطِينَ**۞<br>သူတို့က "သင့်အတွက် သတင်းကောင်းသည် အမှန်တရား ဖြစ်၏။ သို့ဖြစ်၍ စိတ်မပျက်လေနှင့်၊"ဟု ဆိုကြ၏။ |
| ၅၆။ | **قَالَ وَمَن يَقْنَطُ مِن رَّحْمَةِ رَبِّهِ إِلاَّ الضَّآلُّونَ**۞<br>သူက "ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော်အား လွဲမှားသူများမှအပ စိတ်ပျက်သူ မရှိပေ၊"ဟု ပြန်ပြော၏။ |
| ၅၇။ | **قَالَ فَمَا خَطْبُكُمْ أَيُّهَا الْمُرْسَلُونَ**۞<br>သူက "အို ဉာဏ်စဉ်ဆောင်တို့၊ သင်တို့၌ မည်သည့် မိန့်ခွန်းများရှိပါသနည်း၊"ဟု ဆိုသော်–[၁၉၃] |

(၁၉၃) ဤသုတ်တော်ပါ– **မုရ်ဆလူးန်** ကို ဆရာတော်ကြီးများက **မလာအိကာဟ်** များဟု ဘာသာပြန်ကြပေသည်၊ **မလာအိကာဟ်** ဆိုသည်မှာ ပညာရပ်တစ်ခု သို့မဟုတ် ပညာရပ်ကဏ္ဍတစ်ခုအတွက် ဉာဏ်စဉ်ရသော တတ်သိပညာရှင် လူသားများ ဖြစ်ကြောင်း ဤဘာသာပြန်တွင် မကြာခဏရှင်းပြထားသည်၊ ယခု ကိုယ်တော်လု–တ် ထံသို့ ကူညီရန် ရောက်လာသော ဉာဏ်စဉ်ဆောင်များမှာလည်း တတ်သိပညာရှင်များသာဖြစ်၍ ထိုခေတ် ထိုအခါက– မြေအောက်ရှိ ထုံးကျောက်ခဲ ကျောက်တန်းကျောနှင့် ရေနံကျောများ မည်သို့ထိပ်တိုက်တိုးစေမည်ကို နည်းပညာရှင်များ ဖြစ်သည်၊ ထိုသို့ ထုံးကျောက်တန်းကြီးများအား ရေနံကြောများ ထိပ်တိုက်တိုးစေလျှင် အလွန်ကြီးမားပြင်ထန်သော ပေါက်ကွဲမှုကို ဖြစ်စေ၍ ထို

| | |
|---|---|
| ၅၈။ | قَالُوٓاْ إِنَّآ أُرۡسِلۡنَآ إِلَىٰ قَوۡمٖ مُّجۡرِمِينَ ۞<br>သူတို့က "ကျွန်ုပ်တို့သည် ရာဇဝတ်ကောင် လူမျိုးများအတွက် စေစားခြင်းခံရ၏။– |
| ၅၉။<br>၇း၈၀<br>လု–တ် | إِلَّآ ءَالَ لُوطٍ إِنَّا لَمُنَجُّوهُمۡ أَجۡمَعِينَ ۞<br>– လု–တ်၏ နောက်လိုက်များ၊ ကျွန်ုပ်တို့သည် သူတို့အားလုံးကို ကယ်နုတ်ရမည်။ |
| ၆၀။<br>၇း၈၃ | إِلَّا ٱمۡرَأَتَهُۥ قَدَّرۡنَآ إِنَّهَا لَمِنَ ٱلۡغَٰبِرِينَ ۞<br>– သူ့ဇနီးသည် မပါ။ သူမသည် ပျက်ကွက်သူများ၌ ပါဝင်၏ ဟု ငါ စည်းချိန်သတ်မှတ်၏။ |
| ၆၁။ | فَلَمَّا جَآءَ ءَالَ لُوطٍ ٱلۡمُرۡسَلُونَ ۞<br>– ဉာဏ်စဉ်ဆောင်များသည် လု–တ်၏ နောက်လိုက်များထံသို့ ရောက်လာသောအခါ။ |
| ၆၂။ | قَالَ إِنَّكُمۡ قَوۡمٞ مُّنكَرُونَ ۞<br>သူက "သင်တို့သည် မသိကျွမ်းသော သူများဖြစ်၏၊"ဟု ဆို၏။ |
| ၆၃။ | قَالُواْ بَلۡ جِئۡنَٰكَ بِمَا كَانُواْ فِيهِ يَمۡتَرُونَ ۞<br>သူတို့က ပြောသည်မှာ "အမှန်မှာ– သူတို့ သံသယဝင်နေသော အရာများကို သင့်ထံသို့ ရောက်စေပြီ။– |
| ၆၄။ | وَأَتَيۡنَٰكَ بِٱلۡحَقِّ وَإِنَّا لَصَٰدِقُونَ ۞<br>– သင့်အား အမှန်တရားကို ပေးအပ်ပြီ။ ကျွန်ုပ်တို့သည် ဖြောင့်မှန်သူများ ဖြစ်၏။ – |
| ၆၅။<br>၁၁း၈၁ | فَأَسۡرِ بِأَهۡلِكَ بِقِطۡعٖ مِّنَ ٱلَّيۡلِ وَٱتَّبِعۡ أَدۡبَٰرَهُمۡ وَلَا يَلۡتَفِتۡ مِنكُمۡ أَحَدٞ وَٱمۡضُواْ حَيۡثُ تُؤۡمَرُونَ ۞<br>သင်သည် နောက်လိုက်များနှင့်အတူ ညဉ့်ဦးယံ၌ တိမ်းရှောင်သွားလော့၊ သင်သည် သူတို့၏ နောက်မှ နေ၍၊ မည်သူ တစ်ယောက်ကိုမှ ပြန်မလှည့်စေလင့် သင့်အား စီမံစေသည့်အတိုင်း ရှေ့သို့ ချီတက်လော့။" |
| ၆၆။<br>လု–တ်၏<br>ရန်သူ | وَقَضَيۡنَآ إِلَيۡهِ ذَٰلِكَ ٱلۡأَمۡرَ أَنَّ دَابِرَ هَٰٓؤُلَآءِ مَقۡطُوعٞ مُّصۡبِحِينَ ۞<br>ငါသည် သူ့ထံသို့ စီမံချက်ကို ဤသို့ နောက်ဆုံးချမှတ်၏။ နံနက်ပိုင်းတွင် **သူတို့**၏ အမြစ်များကို ဖြတ်တောက်ပစ်လတ္တံ့။ |
| ၆၇။ | وَجَآءَ أَهۡلُ ٱلۡمَدِينَةِ يَسۡتَبۡشِرُونَ ۞<br>မြို့သူမြို့သားများသည် ပျော်မြူးစွာဖြင့် သူ့ထံသို့ ရောက်လာကြစဉ်– |
| ၆၈။ | قَالَ إِنَّ هَٰٓؤُلَآءِ ضَيۡفِي فَلَا تَفۡضَحُونِ ۞<br>သူက "ဤသူများသည် ကျွန်ုပ်၏ ဧည့်သည်များ ဖြစ်၏။ ကျွန်ုပ်အား မျက်နှာမဖျက်ကြလင့်။– |
| ၆၉။ | وَٱتَّقُواْ ٱللَّهَ وَلَا تُخۡزُونِ ۞<br>–ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား အရှက်မခွဲကြလင့်၊"ဟု ပြောခဲ့၏။ |
| ၇၀။<br>အဆက် | قَالُوٓاْ أَوَلَمۡ نَنۡهَكَ عَنِ ٱلۡعَٰلَمِينَ ۞ |

---

အရပ်ဒေသများကို ဖျက်ဆီးပစ်နိုင်ပေသည်။ ထိုပြစ်ဒဏ်သည် ကောင်းကင်မှ ကျရောက်ခြင်း မဟုတ်ကြောင်း သုတ်တော် ၆၆ တွင် သူတို့၏ အမြစ်များကို ဖြတ်တောက်ပစ်မည်– ဆိုသော အချက်က ထောက်ပြထားပေသည်။ ထိုသို့ကြီးမားပြင်းထန်သော ပေါက်ကွဲမှုများက မြေလျှောင်လှုပ်ခြင်းနှင့် ပေါက်ကွဲမှုကြောင့် ကျောက်စရစ်များ ဖြာထွက်လျှက် မြို့ရွာများပေါ်သို့ ကျောက်စရစ်မိုးများ ကျသကဲ့သို့ ဖြစ်ခြင်းများ– ဖြစ်နိုင်သည်။

| | |
|---|---|
| ဖြတ် | သူတို့က ‘‘အသင့်အား အပြင်လောကနှင့် **ဟန့်တား**ထားသည် မဟုတ်လော၊’’ဟု ပြောကြ၏။ |
| ၇၁။ | قَالَ هَؤُلاء بَنَاتِي إِن كُنتُمْ فَاعِلِينَ<br>သူက ‘‘အသင်တို့ ပြုကြံလိုပါလျှင် ဤမှာ ကျွန်ုပ်၏ သမီးများ ရှိပါ၏၊’’[၁၉၄] ဟု ဆို၏။ |
| ၇၂။<br>မုဟမ္မဒ် | لَعَمْرُكَ إِنَّهُمْ لَفِي سَكْرَتِهِمْ يَعْمَهُونَ<br>**သင့်**သက်တမ်းအား တိုင်တည်လျှက်။ သူတို့သည် မမြင်မကန်းမှုဆီသို့ အပြိုင်ပြေးနေကြလေ၏။[၁၉၅] |
| ၇၃။ | فَأَخَذَتْهُمُ الصَّيْحَةُ مُشْرِقِينَ<br>နံနက်မိုးသောက်တွင် အသံလှိုင်းကြီးသည် သူတို့အား သုတ်ယူလိုက်လေပြီ။ |
| ၇၄။ | فَجَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهِمْ حِجَارَةً مِّن سِجِّيلٍ<br>သူတို့အား ဦးဇောက် မှောက်ခုံ လှန်ပစ်၏။ သူတို့အပေါ်သို့ ဖျက်အားကောင်းသော ကျောက်ခဲမိုးကို ပစ်ချ၏။ |
| ၇၅။ | إِنَّ فِي ذَلِكَ لآيَاتٍ لِّلْمُتَوَسِّمِينَ<br>ကေန်ပင် စူးစမ်းသူများ အတွက် ဤ၌ သက်သေလက္ခာရှိနေ၏။ |
| ၇၆။ | وَإِنَّهَا لَبِسَبِيلٍ مُّقِيمٍ<br>၎င်းသည် တည်နေဆဲဖြစ်၏၊ လမ်းမပေါ်၌ ဖြစ်၏။ |
| ၇၇။ | إِنَّ فِي ذَلِكَ لآيَةً لِّلْمُؤمِنِينَ<br>ယုံကြည်သော လူမျိုးအတွက် သက်သေလက္ခဏာ ပါဝင်၏။ |
| ၇၈။ | وَإِن كَانَ أَصْحَابُ الأَيْكَةِ لَظَالِمِينَ<br>တောတွင်းနေ အပေါင်းပါတို့သည်လည်း အမှောင်ကျနေသူများ ဖြစ်၏။ |
| ၇၉။ | فَانتَقَمْنَا مِنْهُمْ وَإِنَّهُمَا لَبِإِمَامٍ مُّبِينٍ<br>သူတို့အား တန်ပြန်မှုဖြစ်စေပြီ။ သူတို့နှစ်မျိုးလုံးသည် ရှင်းလင်းသော စံပြဦးဆောင်များ ဖြစ်ကြ၏။ |
| ၈၀။ | وَلَقَدْ كَذَّبَ أَصْحَابُ الحِجْرِ الْمُرْسَلِينَ<br>ကျောက်တောင်ချိုင့်ဝှမ်းနေ အပေါင်းပါတို့သည် သူတို့၏ ဥဇ္ဇက်စဉ်ဆောင်များကို ငြင်းဆန်ခဲ့ကြ၏။ |
| ၈၁။ | وَآتَيْنَاهُمْ آيَاتِنَا فَكَانُواْ عَنْهَا مُعْرِضِينَ<br>သူတို့အား သုတ်ဒေသနာများကို ပေးအပ်သော်လည်း သူတို့သည် ဘက်လှည့်သူများ ဖြစ်ကြ၏။ |
| ၈၂။ | وَكَانُواْ يَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا آمِنِينَ<br>သူတို့သည် တောင်များကို ဖေါက်ထွင်းလျှက် လုံခြုံသော အိမ်များဖြင့် နေထိုင်ကြ၏။ |
| ၈၃။ | فَأَخَذَتْهُمُ الصَّيْحَةُ مُصْبِحِينَ<br>သို့သော် နံနက်အာရုံတက်တွင် သူတို့အား အသံလှိုင်းကြီးဖြင့် သိမ်းယူလိုက်ပြီ။ |

(၁၉၄) ကိုယ်တော် လု–တ်၏ သမီးများ ဆိုသည်မှာ သူ၏ နောက်လိုက်၊ ဒကာမ အသင်းဝင် အမျိုးသမီးများကို ခေါ်ခြင်း ဖြစ်ပေသည်။
(၁၉၅) ဤသုတ်တော်၏ အဓိပ္ပါယ်မှာ သင်သည် ယခု အသက်နှင့်ရှိသည်မှာ မှန်ကန်သကဲ့သို့ သူတို့၏ ရူးမိုက်မှုသည်လည်း မှန်ကန်သည်ဟု အသက်ကို တိုင်တည်ပြောဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၈၄။ | فَمَا أَغْنَى عَنْهُم مَّا كَانُواْ يَكْسِبُونَ۞<br>သူတို့၏ ကျင့်ဆောင်မှုများသည် သူတို့အတွက် ကိုလုံပြည့်စုံခြင်း မရှိပေ။ |
| ၈၅။ | وَمَا خَلَقْنَا السَّمَاوَاتِ وَالأَرْضَ وَمَا بَيْنَهُمَا إِلاَّ بِالْحَقِّ وَإِنَّ السَّاعَةَ لآتِيَةٌ فَاصْفَحِ الصَّفْحَ الْجَمِيلَ۞<br>ငါသည် မိုးများနှင့် မြေစပ်ကြား ရှိသမျှကို မှန်ကန်ညီညွတ်စွာဖြင့်သာ ဖြစ်တည်စေပြီ။ သတ်မှတ်ချိန်သည် ရှေ့သို့ လာနေ၏။ သို့ဖြစ်၍၊ လှပသော ဥပက္ခာပြုခြင်းဖြင့် ဥပက္ခာပြုထားလော့။ |
| ၈၆။<br>✡၂း၂၁<br>၂း၁၁၇ | إِنَّ رَبَّكَ هُوَ الْخَلاَّقُ الْعَلِيمُ۞<br>ကေနပင် သင့်ကံကြမ္မာရှင်သည် ဖြစ်တည်စေသောအရှင်✡ ကုန်စင်သိသော အရှင် ဖြစ်တော်မူ၏။ |
| ၈၇။ | وَلَقَدْ آتَيْنَاكَ سَبْعًا مِّنَ الْمَثَانِي وَالْقُرْآنَ الْعَظِيمَ۞<br>ငါသည် သင့်အား မဏ္ဍိုင် ခုနစ်ခုဖြင့် ကုရ်အံကျမ်းတော်ကြီးကို ချမှတ်ပေးတော်မူ၏။[၃၉၆] |
| ၈၈။<br>★၂း၂၅<br>✡၃၅း၁ | لاَ تَمُدَّنَّ عَيْنَيْكَ إِلَى مَا مَتَّعْنَا بِهِ أَزْوَاجًا مِّنْهُمْ وَلاَ تَحْزَنْ عَلَيْهِمْ وَاخْفِضْ جَنَاحَكَ لِلْمُؤْمِنِينَ۞<br>သူတို့အနက် အစုဖွဲ့★များအား ငါပေးထားသော လေကီဥစ္စာပေါ်၌ သင့်မျက်လုံးများ မစုံမက်နှင့်၊ သူတို့ကြောင့် စိတ်မပျက်နှင့် သင်၏ လက်ရုံးကို✡ ယုံကြည်သူများအပေါ်၌ နှိမ့်ချမှုရှိလော့။ |
| ၈၉။ | وَقُلْ إِنِّي أَنَا النَّذِيرُ الْمُبِينُ۞<br>“ကျွန်ုပ်သည်ကား သတိပေးသူ ရိုးရိုးသာ ဖြစ်၏၊”ဟု ဟောကြားလော့။ |
| ၉၀။ | كَمَا أَنزَلْنَا عَلَى المُقْتَسِمِينَ۞<br>ငါသည် ဂိုဏ်းခွဲသူများထံသို့ သူ့အား စေစား၏။ |
| ၉၁။<br>✡အစိတ်စိတ်ခွဲ | الَّذِينَ جَعَلُوا الْقُرْآنَ عِضِينَ۞<br>သူတို့သည် ကုရ်အံကျမ်းတော်အား စော်ကားမော်ကား✡ ပြုမူ၏။ |
| ၉၂။ | فَوَرَبِّكَ لَنَسْأَلَنَّهُمْ أَجْمَعِيْنَ۞<br>သင့်ကံကြမ္မာရှင်အား တိုင်တည်လျှက်။ သူတို့ အားလုံးကို မေးမြန်းစုံစမ်းမည်မှာ– |
| ၉၃။ | عَمَّا كَانُوا يَعْمَلُونَ۞<br>သူတို့၏ ကျင့်ကြံမှုများနှင့် စပ်လျဉ်း၍ ဖြစ်၏။ |
| ၉၄။ | فَاصْدَعْ بِمَا تُؤْمَرُ وَأَعْرِضْ عَنِ الْمُشْرِكِينَ۞<br>ထို့ကြောင့် သင့်အား စီမံချက်ချပေးသည်ကို ကြေငြာလော့၊ ရောပြွမ်းကိုးကွယ်သူများကို ပစ်ပါယ်ထားလော့။ |
| ၉၅။ | إِنَّا كَفَيْنَاكَ الْمُسْتَهْزِئِينَ۞ |

**(၃၉၆)** ဤသုတ်တော်မှာ **မဆာနီး** ဆိုသည့် စကားလုံးကို ဆရာတော်ကြီးများက “မကြာခဏ ရွတ်ဖတ်သော” ဟု ပြန်ဆိုလျှက်။ ကုရ်အံကျမ်းတော်အား မကြာခဏာ ရွတ်ဖတ်သော ဂါထာတော် ခုနစ်ပါးဖြင့် ချမှတ်ပေးတော်မူ၏။ မကြာခဏ ရွတ်ဖတ်သော ဂါထာ ခုနစ်ပါး ဆိုသည်မှာ “ဓမ္မခန္ဓာ (၁) သော့” မည်သော ကဏ္ဍတော်အား ရည်ညွှန်းသည်ဟု ဖွင့်ဆိုကြပေသည်။ ဤဘာသာပြန်တွင် **မဆာနီး** ကို မူရင်းအနက်အတိုင်း မဏ္ဍိုင်များဟု ဘာသာပြန်ဆိုသော်လည်း ဆရာတော်ကြီးများ၏ အဆိုကို ပါယ်ချခြင်း မရှိပါ။ ထို “ဓမ္မခန္ဓ (၁) သော့” သည်ပင် ကျမ်းတော်အား အဖွင့်ဖြစ်၍၊ အစ္စလာမ်သာသနာဝင်များ အနေဖြင့် ထပ်ပြန်လဲလဲ ရွတ်ဖတ်သော ကဏ္ဍတော် ဖြစ်ပေသည်။ သို့သော် အာရ်ဗီစကားတွင် ခုနစ်ဆိုသည်မှာ မြောက်များစွာဟုလည်း အနက်ရကြောင်း ၂း၂၉ တွင် ရှင်းပြပြီး ဖြစ်ပေရာ၊ ကျမ်းတော်အား မပြိုမလဲနိုင်သော ခိုင်မာသည့် မဏ္ဍိုင်များ၊ ကျောထောက်နောက်ခံများဖြင့် တည်ဆောက်ထားသည် ဟုလည်း နားလည်နိုင်ပေသည်။

| | |
|---|---|
| | သင့်အား သရော်လှောင်ပြောင်သူများမှ ငါ ကာကွယ်တော်မူမည်။ |
| ၉၆။ | **الَّذِينَ يَجْعَلُونَ مَعَ اللهِ إِلـهًا آخَرَ فَسَوْفَ يَعْمَلُونَ۞**<br>သူတို့သည် ပရမတ်ဘုရားရှင်နှင့်အတူ အခြားဘုရားများကို ပြုလုပ်ကြ၏။ မကြာမီ သိကြရလတ္တံ့။ |
| ၉၇။ | **وَلَقَدْ نَعْلَمُ أَنَّكَ يَضِيقُ صَدْرُكَ بِمَا يَقُولُونَ۞**<br>သူတို့ ပြောဆိုမှုများကြောင့် သင့်ရင်ကို ထိခိုက်စေကြောင်း ငါ သိနေတော်မူ၏။ |
| ၉၈။ | **فَسَبِّحْ بِحَمْدِ رَبِّكَ وَكُن مِّنَ السَّاجِدِينَ۞**<br>သင့်ကံကြမ္မာရှင်အား ရည်သန်စူးစိုက်လော့၊ တုန္နိုင်းမဲ့ထားလော့၊ ဦးချသူများ၏ အနက်မှ ဖြစ်လော့။ |
| ၉၉။ | **وَاعْبُدْ رَبَّكَ حَتَّى يَأْتِيَكَ الْيَقِينُ۞**<br>သင့်ထံ၌ စွဲမှတ်ယုံကြည်သည့်တိုင် သင့်ကြမ္မာရှင်အား ကိုးကွယ်ဆည်းကပ်လော့။[၁၉၇] |

(၁၉၇) ဤသုတ်တော်သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ဖြစ်သော အလ္လာဟ်အရှင်အား ဖူးတွေ့နိုင်ရန် မိမိ၏ လေ့ကျင့်ယုံကြည်မှု ဒီဂရီစံချိန်ကို ညွှန်ပြထားပေသည်။ ပရမတ်ဘုရားရှင်ဖြစ်သော အလ္လာဟ်အရှင်အား နှလုံးသားတွင်း၌ စွဲမှတ်ယုံကြည်သည့်တိုင် အသွေးအသားထဲ၌ စွဲထင်သည့်တိုင် မိမိ၏ ကျင့်ဆောင်ခြင်း။ စည်းစောင့်ခြင်း စံချိန်အား တိုးပွားစေရမည်ဖြစ်သည်။ ထိုသို့သော လူသားအတွက် အရှင်သည် အရှင့်အား ဖူးတွေ့ခြင်း ဟူသည့် တံခါးအား ပိတ်ထားခြင်း မရှိချေ။